JUSTICE FOR MYANMAR

# နိုင်ငံတကာစာရင်းပညာရှင်အဖွဲ့များက အကြမ်းဖက်မြန်မာစစ်ကောင်စီအား ဂုဏ်သိက္ခာခဝါချမှု ဆောင်ရွက်ပေးနေ

*စစ်ကောင်စီစာရင်းစစ်ချုပ်နှင့် MICPA အား အာဆီယံညီလာခံမှ ဖယ်ရှားရန် JFM တောင်းဆို*

*၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ၊ ၃ ရက်၊ မြန်မာ* - ဩစတြေးလျ၊ ဂျပန်၊ နယူးဇီလန်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စုနှင့် အရှေ့တောင်အာရှနိုင်ငံအသီးသီးတို့မှ အထင်ကရရှိသည့်နိုင်ငံတကာနှင့် ဒေသတွင်း စာရင်းကိုင်အဖွဲ့အစည်းများသည် ဂုဏ်သိက္ခာကင်းမဲ့စွာဖြင့် မြန်မာစစ်ကောင်စီ၏ စာရင်းစစ်ချုပ်က "အထူးဧည့်သည်တော်" အဖြစ်တက်ရောက်မည့် အာဆီယံစာရင်းပညာရှင်များအဖွဲ့ချုပ်၏ စုံညီ ညီလာခံအား စပွန်ဆာထောက်ပံ့ပြီး ညီလာတွင် ပါဝင်တက်ရောက်ရန်စီစဉ်နေသည်။

ယင်းအဆင့်မြင့် စာရင်းကိုင်စုံညီ ညီလာခံအား မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်းများအသင်း (MICPA) က ပူးတွဲစီစဉ်ကျင်းပမည်ဖြစ်ပြီး၊ အဆိုပါအသင်းသည် စစ်ကောင်စီထိန်းချုပ်ထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီ၏အောက်တွင် ဆောင်ရွက်ရသည့် တစ်စိတ်တစ်ပိုင်း လွတ်လပ်သည့် အသင်းအဖွဲ့တစ်ရပ် ဖြစ်သည်။ စစ်ကောင်စီသည် အကျင့်ပျက်ခြစားမှုများ စနစ်တကျ ကျူးလွန်နေသော အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ပြည်သူပိုင်ပစ္စည်းများအား ခိုးယူမှုများဖြင့်ရရှိသည့် ဘဏ္ဍာငွေများကို အသုံးပြုကာ ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေသည်။ ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်း စစ်ကောင်စီက ကလေးသူငယ်များအပါအဝင် ပြည်သူ ၁,၂၂၂ ဦးအား သတ်ဖြတ်ခဲ့ပြီး ပြည်သူ ၉,၅၀၀ နီးပါးအား ဖမ်းဆီးချုပ်နှောင်ခဲ့ပြီး ဖြစ်သည်။

MICPA ၏ ဥက္ကဋ္ဌဖြစ်သူ ဦးဝမ်းတင်သည် <u>အာဆီယံစာရင်းပညာရှင်များအဖွဲ့ချုပ်</u>၏ လက်ရှိ ဥက္ကဋ္ဌ တာဝန်ယူထားသည်။ အဆိုပါအဖွဲ့ချုပ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာရင်းပညာရှင်အဖွဲ့များ၏ စုပေါင်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ဂျာကတာမြို့တော်တွင် ရုံးစိုက်တည်ရှိသည်။ MICPA နှင့် AFA တို့သည် AFA ၏ ကျင်းပတော့မည့် <u>နှစ်စဉ်စုံညီ ညီလာခံ</u>၏ ပူးတွဲစီစဉ်ကျင်းပသူအဖွဲ့အစည်းများ ဖြစ်ကြပြီး၊ ယင်းညီလာခံတွင် မြန်မာစစ်ကောင်စီ၏ စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က နှုတ်ခွန်းဆက်အမှာစကား

JUSTICE FOR MYANMAR

ပြောကြားမည် ဖြစ်သည်။ မြန်မာစစ်တပ်၏ တရားမဝင် အာဏာသိမ်းကြိုးပမ်းပြီးနောက် ဒေါက်တာကံဇော်အား ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ယခင်က ဒေါက်တာကံဇော်သည် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်အစိုးရမတိုင်ခင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သည့် စစ်တပ် ကျောထောက်နောက်ခံ အစိုးရလက်ထက်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံတွင် စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်အား ဖယ်ထုတ်ခဲ့သော်လည်း အာဆီယံအနေဖြင့် စစ်ကောင်စီအား ပြောဆိုခွင့်များ ဆက်လက်ပေးအပ်ထားပြီး ဒေါက်တာကံဇော်၏ အဖွင့်မိန့်ခွန်းပြောကြားပြီးနောက်တွင် အာဆီယံ အထွေထွေအတွင်းရေးမှူးဖြစ်သူက မှတ်ချက်အမှာစကား ပြောကြားမည်ဖြစ်သည်။ အာဆီယံအနေဖြင့် မြန်မာစစ်ကောင်စီကိုယ်စားလှယ်များနှင့် ပတ်သက်ဆက်နွယ်သူများအား အာဆီယံ၏စင်မြင့်များနှင့် လုပ်ငန်း ယန္တရားအားလုံးမှ မဖြစ်မနေ ဖယ်ထုတ်ရမည်ဖြစ်သည်။

အမေရိကန်အခြေစိုက် နိုင်ငံတကာစာရင်းပညာရှင်များအဖွဲ့ချုပ်မှ အလန်းဂျွန်စင်က ဒုတိယမြောက် မှတ်ချက်အမှာစကား ပြောကြားမည်ဖြစ်သည်။

AFA ၏ (၂၂) ကြိမ်မြောက် စုံညီ ညီလာခံဆွေးနွေးမှုများကို Ikatan Akuntan Indonesia (အင်ဒိုနီးရှား စာရင်းပညာရှင်များအဖွဲ့) က ဦးဆောင်ပံ့ပိုးသွားမည်ဖြစ်ပြီး၊ ဩစတြေးလျနှင့် နယူးဇီလန် စာရင်းပညာရှင်များအသင်း၊ ဩစတေးလျစာရင်းပညာရှင်များအသင်းတို့က ပံ့ပိုးကူညီကြမည်ဖြစ်သည်။ အခမ်းအနားမိတ်ဖက်များအဖြစ် ယူကေအခြေစိုက် လက်မှတ်ရစာရင်းပညာရှင်များအသင်း (ACCA)၊ အင်္ဂလန်နှင့် ဝေးလ်နိုင်ငံ စာရင်းပညာရှင်များအဖွဲ့ (ICAEW)၊ အမေရိကန်အခြေစိုက် စီမံမှုစာရင်း ပညာရှင်များအဖွဲ့ (IMA) နှင့် ဂျပန်နိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းပညာရှင်များအဖွဲ့ (JICPA) တို့ ပါဝင်ကြမည် ဖြစ်သည်။

**Justice For Myanmar ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** *"ဒေသတွင်းနဲ့ နိုင်ငံတကာ စာရင်းပညာရှင်အဖွဲ့တွေက (၂၂) ကြိမ်မြောက် AFA စုံညီညီလာခံမှာ မြန်မာစစ်ကောင်စီကို ပါခွင့်ပေးတာဟာ သူတို့ကို*

JUSTICE FOR MYANMAR

*ဂုဏ်သိက္ခာခဝါချပေးနေတာဖြစ်ပါတယ်။ စက်ဆုတ်ရွံရှာစရာ ကောင်းပါတယ်။ စစ်ကောင်စီဟာ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအပါအဝင် ကမ်းကုန်အောင် ဆိုးရွားတဲ့ နိုင်ငံတကာရာဇဝတ်မှုတွေကို ကျူးလွန်ထားတဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ် ဖြစ်တယ်။ AFA ရဲ့ အထူး ဧည့်သည်တော်အဖြစ်ဖိတ်တဲ့ ဒေါက်တာကံဇော်ဟာ အဲ့ဒီနိုင်ငံတကာရာဇဝတ်ဂိုဏ်းရဲ့ အဓိကအဖွဲ့ဝင် တစ်ယောက်ဖြစ်ပြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်နဲ့ စစ်တပ်ရဲ့ ပြည်သူပိုင်ပစ္စည်းတွေ ခိုးတာမှာ တိုက်ရိုက်ပါဝင် ပတ်သက်နေတဲ့သူ ဖြစ်တယ်။ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေနဲ့ ရောမအကျင့်ပျက်ခြစားမှုကြီးတွေမှာ သူ့ရဲ့ပါဝင်မှုတွေအတွက် စစ်ကောင်စီရဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ကို မဖြစ်မနေ ငြင်းပယ်ဖယ်ရှားရမှာ ဖြစ်ပါတယ်။ အထင်ကရ စာရင်းပညာရှင်အဖွဲ့များက ကမ္ဘာတဝန်းက စာရင်းပညာရှင်များကိုယ်စား ကျင်းပမယ့် ကမ္ဘာ့စင်မြင့်ထက်မှာ တရားဝင်အောင် မလုပ်ပေးသင့်ပါဘူး။ အဲ့ဒီစာရင်းပညာရှင်အဖွဲ့များ အနေနဲ့ ဂုဏ်သိက္ခာရှိရှိ လုပ်ကြဖို့ လိုအပ်ပါတယ်၊ နိုင်ငံတကာရာဇဝတ်ကောင်တွေနဲ့ ဒွေးရောယှက်တင် ဖြစ်နေလို့ မရပါဘူး။ MICPA ကို အဖွဲ့ဝင်အဖြစ်ကနေ ချက်ချင်းရပ်ဆိုင်းထားဖို့နဲ့ ဒေါက်တာကံဇော်ကို စုံညီ ညီလာခံကနေ ချက်ခြင်းဖယ်ရှားဖို့ AFA ကို ကျွန်မတို့ တောင်းဆိုပါတယ်။ ညီလာခံရဲ့ နိုင်ငံတကာ မိတ်ဖက်တွေ၊ စပွန်ဆာတွေနဲ့ ဆွေးနွေးဟောပြောမယ့်သူတွေကို မြန်မာစစ်ကောင်စီနဲ့ MICPA ကို မဖယ်ရှားရင် AFA ရဲ့ စုံညီ ညီလာခံကို သပိတ်မှောက်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။ ကျွန်မတို့အနေနဲ့ မြန်မာစစ်ကောင်စီကို သတ္တိပြောင်မြောက်စွာ ဆန့်ကျင်နေကြတဲ့ များစွာသော မြန်မာစာရင်းပညာရှင်တွေနဲ့ အတူ ရပ်တည်ပါတယ်’’* ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံလက်မှတ်ရစာရင်းပညာရှင်များအသင်း (MICPA) ကို မြန်မာစစ်တပ်၏ ပြည်ထဲရေး ဝန်ကြီးဌာနက ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့သည်။ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ MICPA သည် ဒေါက်တာကံဇော် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြန်မာနိုင်ငံစာရင်းကောင်စီအား ပံ့ပိုးရန်နှင့် အစီရင်ခံရန် လိုအပ်သည်။

JUSTICE FOR MYANMAR

**အယ်ဒီတာများသို့မှတ်ချက်**

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။


ထပ်မံသိရှိလိုပါက -

ရတနာမောင်

အီးမေးလ် - media@justiceformyanmar.org

ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/